vicroads

SEPTEMBER 2008

# ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်း နည်းသစ်အတွက် သင်အဆင်သင့်ဖြစ်ပြီလား?

အခြေအနေအမျိုးမျိုးတွင် အနည်းဆုံးနာရီ ၁၂၀ ကြာ ယာဉ်မောင်းသည့်အတွေ့အကြုံရှိသော ယာဉ်မောင်းသင်သူများအတွက် မျှော်လင့်သတ်မှတ်ထားသော အန္တရာယ်ကင်းစွာမောင်းနိုင်သည့်အဆင့် မီ/မမီ စစ်ဆေးရန် ဗစ်တိုးရီးယားပြည်နယ်မှ ယာဉ်မောင်း ကျွမ်းကျင်မှု စစ်ဆေးခြင်းပုံစံအသစ် တီထွင်ထားပါသည်။

လိုင်စင်လျှောက်ထားသူများထဲမှ အောင်မြင်သူများမှာ စစ်ဆေးခြင်းတွင်ပါဝင်သည့် နေ့စဉ်ကြုံတွေ့ရသော အခြေအနေအမျိုးမျိုးတွင် အန္တရာယ်ကင်းစွာနှင့် ယာဉ်စည်းကမ်းဥပဒေအတိုင်း မောင်းနိုင်သည့် ကျွမ်းကျင်မှုကိုပြသနိုင်သူများဖြစ်ကြသည်။

အကယ်၍ သင်သည်ဖော်ပြပါစစ်ဆေးရန်အချက်များအားလုံးကို လုပ်နိုင်ကြောင်း အမှတ်အသားပြုနိုင်ပါက သင်သည်စစ်ဆေးခြင်းကို ဝင်ဖြေနိုင်သည်။ ဖော်ပြထားသော စစ်ဆေးရန်အချက်များမှာ နမူနာများသာဖြစ်ပြီး ပြီးပြည့်စုံခြင်းမရှိသေးပါ။ ယာဉ်မောင်းရာတွင် အန္တရာယ်ရှိနိုင်သောအမှားများနှင့် စည်းကမ်းဥပဒေနှင့်မညီညွတ်သောအပြုအမူများကို ဤစစ်ဆေးခြင်းပုံစံသစ်တွင်ထိထိရောက်ရောက် စစ်ဆေးထားသဖြင့် ကြိုတင်ပြင်ဆင်မှုအပြည့်ပြုလုပ်ထားသော လိုင်စင်ဖြေဆိုသူပင်လျှင် လိုအပ်သောအန္တရာယ်ကင်းစွာမောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်းဥပဒေနှင့်အညီပြုမူခြင်းတို့ကို မပြုလုပ်နိုင်ပါက ကျရှုံးနိုင်ပါသည်။ သင့်အနေနှင့် **Learner Kit** ၏တစ်စိတ်တစ်ဒေသ ဖြစ်သည့် VicRoads **Guide for Learners** ထဲတွင်ပါသော ရည်မှန်းချက်အားလုံးကို အမှတ်အသားပြုနိုင်အောင် လေ့ကျင့် ဆောင်ရွက်ထားရမည်။

## အောက်ပါအချက်များကို အမှတ်အသားပြုနိုင်ပါက သင်ကြိုးစားဖြေဆိုရန် အသင့်ဖြစ်ပါသည် -

- ☐ ညဘက်မောင်းနှင်ခြင်း ၁၀ နာရီ၊ စွတ်စိုနေသောလမ်းများနှင့် အမြန်လမ်းမကြီးများတွင်မောင်းသည့် အတွေ့အကြုံ အပါအဝင် လမ်း၊ ယာဉ်ကြော၊ ရာသီဥတုအခြေအနေအမျိုးမျိုးတွင် ကြီးကြပ်ပေးသူဖြင့်မောင်းနှင်ချိန် အနည်းဆုံး နာရီ ၁၂၀ ရှိလျှင်
- ☐ လူများစွာသွားလာနေသောလမ်းများ၊ ယာဉ်ကြောများသောလမ်းများ၊ အမြန်နှုန်းသတ်မှတ်ဇုံအမျိုးမျိုးရှိသောလမ်းများ၊ ယာဉ်အသွားအလာနှင့်လမ်းအခြေအနေအမျိုးမျိုးတွင် မောင်းနှင်ခြင်းအပါအဝင် လမ်းအမျိုးမျိုးပေါ်တွင် အန္တရာယ်ကင်းစွာမောင်းနိုင်ခြင်းကိုပြသနိုင်လျှင်
- ☐ သင်၏ကြီးကြပ်ထိန်းသိမ်းသူ သို့မဟုတ် နည်းပြ၏အကူအညီမပါဘဲ အန္တရာယ်ကင်းစွာ နေ့စဉ်ယာဉ်မောင်းနိုင်ခြင်းကို ပြနိုင်လျှင် ဆိုလိုသည်မှာ မည်သူ့အကူအညီမျှမပါဘဲ သင်သည် မိမိဘာသာဆုံးဖြတ်ချက်ဖြင့်မောင်းနိုင်လျှင်

## လမ်းဖြတ်ကူးသူများ၊ ယာဉ်ကြော၊ လမ်း၊ အခြေအနေအမျိုးမျိုးတွင်မောင်းနှင်ချိန်၌ ဖော်ပြပါအန္တရာယ်ကင်းစွာမောင်းနိုင်သည့် အပြုအမူများကို စဉ်ဆက်မပြတ်အမြဲတန်း ပြုလုပ်ပြသနိုင်လျှင်

- ☐ ဂရုတစိုက်သတိထားကြည့်ခြင်း - ဦးခေါင်းကိုလှည့်ကြည့်ခြင်း၊ မှန်များကြည့်ခြင်း၊ မိမိကားရှေ့ကိုကြိုကြည့်ခြင်းနှင့် အရှိန်ထိန်းပြီးကွေ့ခြင်း၊ ယာဉ်ကြောပြောင်းခြင်း၊ ကျော်တက်ခြင်း စသည်တို့ကိုမပြုလုပ်မီ မိမိကား၏ နောက်ဖက်ကို ဂရုတစိုက်သတိထားကြည့်ခြင်းအပါအဝင် လမ်းကိုအသုံးပြုနေသော အခြားသူများနှင့် လမ်းအခြေအနေများကို သင် အချိန်ပြည့်သတိထားနေခြင်း
- ☐ အချက်ပြမီးသုံးခြင်း - အချက်ပြမီးများကိုမှန်ကန်စွာအသုံးပြုခြင်းအားဖြင့် သင်ဘာလုပ်ရန်ရည်ရွယ်ကြောင်းကို လမ်း အသုံးပြုနေသော အခြားသူများအားအသိပေးခြင်း
- ☐ နေရာလွတ်ရွေးချယ်ခြင်း - ယာဉ်ကြောအတွင်းဝင်မည်ဆိုပါက ပထမဆုံးသော အန္တရာယ်ကင်းစွာဝင်နိုင်သည့် နေရာ လွတ်ကို ရွေးချယ်ခြင်း
- ☐ အမြန်နှုန်းရွေးချယ်ခြင်း - သင်သည်သတ်မှတ်ထားသော အမြန်နှုန်းထက်အမြဲတန်းလျှော့မောင်းခြင်း၊ သို့သော် နှေးကွေးစွာဖြင့် မောင်းရန်မဟုတ် - ဆိုလိုသည်မှာ သင်သည် လူအသွားအလာနှင့် ယာဉ်အနည်းအများ၊ လမ်း၏ အခြေအနေတို့အပေါ်တွင်မူတည်သည့် အန္တရာယ်ကင်းပြီးအသင့်တော်ဆုံးဖြစ်သည့် အမြန်နှုန်းကိုရွေးချယ်ခြင်း
- ☐ နောက်မှလိုက်ရန် အကွာအဝေး - သင့်ကားနှင့် ရှေ့ကားကြားတွင် အန္တရာယ်ကင်းသည့်အကွာအဝေးတစ်ခု အမြဲ ထားခြင်း
- ☐ ယာဉ်မောင်းသည့်အနေအထား - သင်သည် အန္တရာယ်အကင်းဆုံးယာဉ်ကြောကိုရွေးခြင်း၊ ပြေပြစ်စွာမောင်းဝင်ခြင်း၊ မိမိ၏ယာဉ်ကြောတွင်သာ အမြဲတန်းမောင်းခြင်း
- ☐ ယာဉ်ရပ်သည့်အနေအထား - သင့်ကားကို ‘ရပ်’ ဆိုင်းဘုတ်များ၊ မီးပွိုင့်များ၊ လူကူးမျဉ်းကျားများတွင် တိတိကျကျ မှန်ကန်စွာရပ်ခြင်း
- ☐ ယာဉ်ထိန်းသိမ်းမောင်းနှင်ခြင်း - သင်သည် ကားကို ကျင်လည်စွာထိန်းသိမ်းနိုင်ပြီး ငြင်သာစွာမောင်းနိုင်ခြင်း

## သင်သည် လမ်းဖြတ်ကူးသူများ၊ ယာဉ်များ၏ အခြေအနေအမျိုးမျိုးတွင် အောက်ပါအချက်များကို အန္တရာယ်ကင်းစွာနှင့် စည်းကမ်းသတ်မှတ်ချက်အတိုင်း လုပ်ဆောင်နိုင်လျှင်

- [ ] လမ်းဆုံအမျိုးမျိုးတွင် ဘယ်ကွေ့ခြင်း၊ ညာကွေ့ခြင်း
- [ ] ဘယ်ဘက် သို့မဟုတ်ညာဘက် ယာဉ်ကြောပြောင်းခြင်း
- [ ] အခြားယာဉ်ကြောသို့ ပူးပေါင်းခြင်း
- [ ] ကားကိုသုံးခါသာလှည့်ပြီး နောက်ကြောင်းပြန်နိုင်ခြင်း၊ နောက်ဘက်သို့ဆုတ်ကာ ပလက်ဖေါင်းနှင့်အပြိုင်ရပ်ခြင်း
- [ ] လမ်းဖြောင့် သို့မဟုတ်လမ်းကွေ့များ၌ လမ်းဖြတ်ကူးသူ၊ ယာဉ်၊ ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် မောင်းခြင်း

## အောက်ပါ အန္တရာယ်ရှိသောအမှားများကို မပြုလုပ်မိစေဘဲ လမ်းဖြတ်ကူးသူ၊ ယာဉ်များ၊ ရာသီဥတု၊ ပတ်ဝန်းကျင်နှင့် လမ်းအခြေအနေအမျိုးမျိုးတွင် မောင်းနိုင်လျှင်

- [ ] ကားမောင်းနေစဉ် ပလက်ဖေါင်းနှင့်တိုက်မိခြင်း
- [ ] အခြားကားများသို့မဟုတ် လမ်းအသုံးပြုသူများကို တိုက်မိလုနီးပါးဖြစ်ခြင်း
- [ ] အမြန်နှုန်းကန့်သတ်ချက်ထက် မည်သည့်အချိန်တွင်မဆို ပို၍မောင်းခြင်း
- [ ] အချက်ပြမီးမပြမိခြင်း၊ ဂရုတစိုက်မကြည့်မိခြင်း၊ လမ်းဦးစားပေးရမည်ကို မပေးမိခြင်း တို့ကြောင့် လမ်းကိုအသုံးပြုသောအခြားသူများက အန္တရာယ်မဖြစ်ရန်ရှောင်တိမ်းရခြင်း
- [ ] ‘ရပ’ဆိုင်းဘုတ် သို့မဟုတ် အချက်ပြမီးနီတွင် ဖြတ်မောင်းခြင်း
- [ ] ကားကို အန္တရာယ်ရှိသောအနေအထားဖြင့် ရပ်ထားခြင်း
- [ ] လမ်းအခြေအနေနှင့်မဆီလျော်အောင် နှေးကွေးစွာမောင်းခြင်း
- [ ] ကြည့်ရန် သို့မဟုတ် မီးအချက်ပြရန်ပျက်ကွက်ခြင်း
- [ ] လူကူးနေရာများကို ပိတ်ဆို့ရပ်ခြင်း
- [ ] ရပ်ထားစဉ်သို့မဟုတ် ရပ်ထားရာမှထွက်စဉ် ပလက်ဖေါင်းပေးသို့ ဘီးတစ်လုံးတက်ခြင်း
- [ ] ‘ရပ်’ဆိုင်းဘုတ်ရှိသောနေရာတွင် မှန်ကန်သောအနေအထားဖြင့်ရပ်ရန် လုံးဝရပ်ရန် ပျက်ကွက်ခြင်း

အလွန်ဆိုးရွားသော အမှားပြုလုပ်ခြင်းဖြင့် ဖြေဆိုခြင်းကိုချက်ခြင်းရပ်ဆိုင်းစေပြီး ကျရှုံးသည်ဟု သတ်မှတ်မည်။

မှတ်ချက်။ ဤစာရင်းသည်မပြည့်စုံသေးပါ။ ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းပုံစံအသစ်နှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက **What you need to know about your Drive Test** စာစောင်ကိုဖတ်ပါ။ www.gls.arrivealive.vic.gov.au တွင်ရှိသော GLS ဝက်ဘ်ဆိုက်ကိုလည်း ဖတ်ကြည့်ပါ။

www.vicroads.vic.gov.au မှနေ၍ **Guide for Learners** နှင့် **Guide for Supervising Drivers** စာစောင်များကို ကူးယူပုံနှိပ်နိုင်ပါသည်။

VRPIN02072 9.08